ကပြင်ရပ်ဝန်း

ISP On Point

ISP Series

အမှတ်-၂၂ • အောက်တိုဘာ ၄ ရက်၊ ၂၀၂၄ ခုနှစ်

# မြန်မာ့ပဋိပက္ခ၏ နိုင်ငံရေးဘောဂဗေဒ

## စီးပွားမက်လုံးအပေါ်အခြေခံသော ပဋိပက္ခအရှိန်လျှော့ချခြင်း၏ အကျိုးအပြစ်

အမြတ်ဝေစုခွဲခြင်းအပေါ်အခြေခံသော ပဋိပက္ခအရှိန်လျှော့ရေးသည် ရေတိုတွင် အကျိုးတစုံတရာ ရှိကောင်းနိုင်သော်လည်း နိုင်ငံရေးအရ ညှိနှိုင်းအဖြေရှာမှုကို မတက်လှမ်းနိုင်ပါက ဆိုးပြစ်ပိုများရန်သာ ရှိပါသည်။ ပဋိပက္ခ၏ နိုင်ငံရေးဘောဂဗေဒကို ထည့်သွင်းမစဉ်းစားပါက မြန်မာ့အကျပ်အတည်း အဖြေရနိုင်ဖွယ်မရှိပေ။




မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီးထက်၌ လုံခြုံရေးယူသွားလာနေသော နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၊ ခရီးသည်တင်ယာဉ်များနှင့် ကုန်တင်ယာဉ်များအား ၂၀၂၃ ခုနှစ် စက်တင်ဘာလအတွင်း တွေ့ရစဉ်။

Photo : STR/AFP

## ဖြစ်ရပ်အချက်အလက်

၂၀၂၄ ခုနှစ် စက်တင်ဘာ ၉ ရက်က စစ်ကောင်စီ ကရင်ပြည်နယ်ဝန်ကြီးချုပ် စောမြင့်ဦးနဲ့ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးတို့ ကရင်ပြည်နယ် ဘားအံမြို့မှာ တွေ့ခဲ့ပါတယ်။ မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးနဲ့ လမ်းပန်းဆက်သွယ်ရေးကိစ္စရပ်တွေကို ဆွေးနွေးပြီးတဲ့နောက် မြန်မာ-ထိုင်း ကုန်သွယ်ရေးအတွက် အဓိကကျတဲ့ အာရှလမ်းမကြီး ပြန်ဖွင့်နိုင်ရေး နှစ်ဖက်ညှိနှိုင်းမှုတွေ လုပ်ကြပါတယ်။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုနောက်ပိုင်း ကရင်ပြည်နယ်အတွင်း ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ပူးပေါင်းတပ်တွေနဲ့ စစ်ကောင်စီတပ်တွေအကြား ဖြစ်ခဲ့တဲ့တိုက်ပွဲတွေကြောင့် စီးပွားရေးအရ အရေးပါတဲ့ မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီးကို စုစုပေါင်း ငါးကြိမ်ထက်မနည်း ယာယီပိတ်ခဲ့ရပါတယ်။ နောက်ဆုံးအဖြစ် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ကော့ကရိတ်မြို့သိမ်းတိုက်ပွဲစချိန်မှာ ပိတ်ထားရပြီး အခုချိန်အထိ ပြန်မဖွင့်နိုင်သေးပါဘူး။ ၂၀၂၄ ခုနှစ် မတ်လနဲ့ ဧပြီလတွေအတွင်း မြဝတီမြို့နယ်ထဲမှာ တိုက်ပွဲတွေ ပြင်းပြင်းထန်ထန်ဖြစ်ပြီးတဲ့နောက် မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီးကို KNLA ပူးပေါင်းတပ်ဖွဲ့တွေက အပြည့်အဝ ထိန်းချုပ်ခဲ့ပါတယ်။ တရားဝင်ထုတ်ပြောတာမျိုးမရှိပေမဲ့ မြဝတီမြို့လုံခြုံရေးကိုတော့ နယ်ခြားစောင့်တပ် (BGF) က စစ်ကောင်စီကိုယ်စား ထိန်းချုပ်ထားပါတယ်။

## ကနဦးသုံးသပ်ချက်

မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီး မကြာခဏပိတ်ရတာကြောင့် မြဝတီကနေ ဒေါနတောင်ကို ဖြတ်သန်းသွားလာရတဲ့ တောလမ်းကနေ ကုန်စည်နဲ့ ခရီးသည်တွေ ကူးသန်းနေရပါတယ်။ အကျိုးဆက်အားဖြင့် ကုန်စည်စီးဆင်းမှု နှောင့်နှေးတာနဲ့ နယ်စပ်ကုန်သွယ်မှု တန်ဖိုးကျဆင်းတာတွေ ကြုံကြရပါတယ်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှာ မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကနေ ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၉၂၇ ဒသမ ၀၉၅ သန်း ကျဆင်းခဲ့ရကြောင်း စစ်ကောင်စီ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဆိုပါတယ်။ ဒေါနတောင်ဖြတ် တောလမ်းတွေကို ထိန်းချုပ်ထားတဲ့ ကရင်လက်နက်ကိုင်အဖွဲ့တွေကတော့ လမ်းကြေးကောက်ခံမှုတွေကတဆင့် တလပျမ်းမျှ မြန်မာကျပ်ငွေ သိန်းပေါင်းလေးသောင်းဝန်းကျင်အထိ ရခဲ့တယ်လို့ ISP-Myanmar ရဲ့ သုတေသနပြု မေးမြန်းမှုတွေအရ သိရပါတယ်။ ရေရှည်မှာတော့ စီးပွားရေးသမားနဲ့ ကုန်သည်တွေသာ နစ်နာရတာမဟုတ်ဘဲ စားသုံးသူပြည်သူတွေမှာလည်း အခြေခံကုန်ပစ္စည်းတွေ၊ ဆေးဝါးတွေ ဈေးခေါင်ခိုက်တာ၊ ရှားပါးပြတ်လပ်တာစတဲ့ ဒုက္ခတွေကို ခါးစည်းခံစားကြရပါတယ်။


ဒါကြောင့် အာရှလမ်းမကြီး တရားဝင် ပြန်လည်ဖွင့်လှစ် လည်ပတ်နိုင်ရေးဟာ နိုင်ငံအဆင့် နယ်စပ်ကုန်သွယ်ရေးအတွက်သာမက သာမန်ပြည်သူတွေအတွက်လည်း အသက်ရှူထွက် ပေါက်ပမာ အရေးကြီးနေပါတယ်။ အာရှလမ်းမကြီးပြန်ဖွင့်နိုင်ရေး အခုဆောင်ရွက်နေတဲ့ ညှိနှိုင်းမှုတွေမှာ ကရင်အမျိုးသားအစည်းအရုံး (KNU) တပ်မဟာ-၆ က ဦးဆောင်ပြီး တပ်မ ဟာ-၇၊ ဒီမိုကရက်တစ်ကရင်အကျိုးပြုတပ်မတော် (DKBA)၊ ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC) တို့ ပါဝင်ကြောင်း သိရပါတယ်။ စစ်ကောင်စီကတော့ ဗိုလ်မှူးကြီးစောချစ်သူရဲ့ ကရင်နယ်ခြား စောင့်တပ် (BGF) ကို ကြားခံထားပြီး ညှိနှိုင်းမှုပြုလုပ်ပါတယ်။

၂၀၂၃ ခုနှစ် 'စစ်ဆင်ရေး ၁၀၂၇'နောက်ပိုင်း မြန်မာနိုင်ငံတွင်းက စစ်မက်နဲ့ ပဋိပက္ခအရှိန် လျော့ကျအပစ်ရပ်ရေး ညှိနှိုင်းဖျန်ဖြေဖို့ တရုတ်နိုင်ငံကစလို့ အိမ်နီးချင်းနိုင်ငံတွေက ကြိုး ပမ်းတဲ့အခါ ကုန်သွယ်ရေး၊ စီးပွားရေးနဲ့ ရင်းနှီးမြှုပ်နှံထားတဲ့ လုပ်ငန်းပရောဂျက်ကြီးတွေ အပေါ်မူတည်ပြီး (De-escalation based on trade, commerce and investment projects) စစ်ကောင်စီနဲ့ တော်လှန်ရေးအင်အားစုတွေအကြား အကျိုးအမြတ် ဝေစုခွဲဝေတဲ့ စနစ်ကိုလက်ခံရေး တွန်းအား၊ ဖိအားပေးလာကြတာ သတိပြုနိုင်ပါတယ်။ ဒီဗျူဟာဟာ အနောက်နိုင်ငံတွေ၊ ကမ္ဘာ့ကုလသမဂ္ဂနဲ့ အာဆီယံက တိုက်တွန်းပြောဆိုနေတဲ့ လူသားချင်း စာနာမှုအပေါ်အခြေခံပြီး အပစ်အခတ်ရပ်စဲကြဖို့ (Humanitarian ceasefire) ဆိုတဲ့ စဉ်း စားချက်နဲ့ မတူညီတာလည်း မြင်ရပါတယ်။

တရုတ်နဲ့ ထိုင်းလို အိမ်နီးချင်းနိုင်ငံတွေဟာ စစ်ကောင်စီနဲ့ တော်လှန်ရေးအင်အားစုတွေ အကြား နယ်စပ်ကုန်သွယ်ရေးကို ထိန်းကျောင်းဖို့ သဘောတူညီချက်ရအောင် တွန်းအားပေး ခြင်းကို အဓိကလုပ်နေကြပါတယ်။ ဒီလိုလုပ်တဲ့အခါ ဖျန်ဖြေညှိနှိုင်းပေးတာ၊ ကြားဝင်စေ့ စပ်သဘောတူညီချက်ရတဲ့အထိ ဆောင်ရွက်ပေးတာ၊ စီးပွားကူးသန်းဖို့ လမ်း၊ တံတား စတဲ့ အခြေခံအဆောက်အအုံ တည်ဆောက်ရေးနဲ့ ကုန်သွယ်ရေးဇုန်တွေ ဖန်တီးပေးတာ၊ အကောက်အခွန်နဲ့ ပူးတွဲနယ်စပ်ဒေသစီမံခန့်ခွဲရေးစသဖြင့် စီးပွားမိတ်ဖက်ပါတနာအဖြစ် ကဏ္ဍမျိုးစုံက ပါဝင်တာ၊ ဒီလိုပါဝင်ဖို့ကမ်းလှမ်းတာတွေကို တွေ့ရပါတယ်။ တဖက်ကလည်း သဘောတူညီထားချက်တွေကို အကောင်အထည်ဖော်ကျင့်သုံးရေး စောင့်ကြည့်စစ်ဆေး တာ၊ ဈေးကွက်အခွင့်အလမ်း ဖွင့်ပေးတာလို မက်လုံးပေးတာကို လက်မခံရင် တိုင်းရင်းသား လက်နက်ကိုင် (EAOs) တွေ ထိန်းချုပ်ထားတဲ့ နယ်စပ်ဂိတ်တွေကို ပိတ်ပစ်တာမျိုးအထိပါ ဆောင်ရွက်နေတာကို တွေ့နိုင်ပါတယ်။

## နယ်စပ်ကုန်သွယ်ရေးစခန်း ၁၇ ခုနှင့် ဆက်စပ်အခြေအနေ


မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများအကြား ကုန်သွယ်နေသော နယ်စပ်ကုန်သွယ်ရေးစခန်း စုစုပေါင်း ၁၇ ခုရှိသည်။ ၎င်းတို့အနက် ခြောက်ခုကို တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ (EAOs) နှင့် တော်လှန်ရေးအင်အားစုများက ထိန်းချုပ်ထားသည်။ စစ်ကောင်စီက ကျန် ၁၁ ခုကို ထိန်းချုပ်ထားသော်လည်း နှစ်ခုမှာ ကုန်သွယ်မှုရပ်ဆိုင်းနေပြီး အချို့သော ကုန်သွယ်ရေးလမ်းမကြီးများမှာလည်း ရပ်တန့်လျက်ရှိသည်။ လက်ရှိတွင် တရုတ်နိုင်ငံနှင့် အဓိကကုန်သွယ်နေသော ရှမ်းမြောက်ကုန်သွယ်ရေးလမ်း ရပ်တန့်နေသဖြင့် ရှမ်းအရှေ့လမ်းသစ်ကို စစ်ကောင်စီက စဉ်းစားနေသည်။ ထိုင်းနိုင်ငံကလည်း အာရှလမ်းမကြီး ပြန်ဖွင့်နိုင်ရေးအတွက် ပါဝင်ဘက် အင်အားစုအားလုံးနှင့် ဆွေးနွေးညှိနှိုင်းလျက်ရှိသည်။




မှတ်ချက် - ISP-Myanmar က စုဆောင်းထားသော အချက်အလက်များဖြစ်ပါသည်။ အခြား လွတ်လပ်သောအဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များနှင့် တိုက်ဆိုင်စစ်ဆေးထားရှိပါသည်။ မြေပြင်အခြေအနေအပါအဝင် ဒေတာရရှိမှု အကန့်အသတ်များကြောင့် အနည်းငယ် ကွဲလွဲမှုရှိနိုင်ပါသည်။

## နယ်စပ်ကုန်သွယ်ရေး လမ်းဟောင်းလမ်းသစ်နှင့် ဖြစ်နိုင်ခြေလမ်းများ

နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းအများစုတွင် တစ်ဆို့ကြန့်ကြာမှုများ ကြုံတွေ့ရပြီးနောက် ဘင်္ဂလားဒေ့ရှ်၊ ထိုင်းနိုင်ငံတို့နှင့် ကုန်သွယ်ရာတွင် ရေကြောင်းလမ်းကို အစားထိုးအသုံးပြုလာသည်။ တရုတ်နိုင်ငံနှင့်ကုန်သွယ်ရာတွင် ရှမ်းမြောက်ကုန်သွယ်ရေးလမ်းအစား (၂၀၁၉ ခုနှစ်ကတည်းက စဉ်းစားခဲ့သော) ရှမ်းအရှေ့ကိုအခြေပြုသည့် လမ်းကြောင်းသစ်တခု ပေါ်ထွက်လာနိုင်သည်။ ထို့အပြင် တနင်္သာရီတိုင်းမှတဆင့် ထိုင်း-လာအို-တရုတ် သုံးနိုင်ငံနှင့်ချိတ်ဆက်သည့် လမ်းကြောင်းသစ် ဖော်ဆောင်လာနိုင်သည်။ အဆိုပါလမ်းကြောင်းမှာ မဲခေါင်ဒေသနိုင်ငံများ၏ ဒေသတွင်းပေါင်းစည်းရေး အစီအမံများနှင့်လည်း ချိတ်ဆက်နေသည်။




မှတ်ချက် - ISP-Myanmar က စုဆောင်းထားသော အချက်အလက်များဖြစ်ပါသည်။ အခြား လွတ်လပ်သောအဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များနှင့် တိုက်ဆိုင်စစ်ဆေးထားရှိပါသည်။ မြေပြင်အခြေအနေအပါအဝင် ဒေတာရရှိမှု အကန့်အသတ်များကြောင့် အနည်းငယ် ကွဲလွဲမှုရှိနိုင်ပါသည်။

ဒီလိုစီးပွားမက်လုံးပေါ်မူတည်ပြီး ပဋိပက္ခအရှိန်လျှော့ချအပစ်ရပ်ရေး အစီအမံမျိုးကို တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့မှာလုပ်တဲ့ ဟိုင်ဂင်ဆွေးနွေးပွဲတွေမှာလည်း တွေ့ရပါတယ်။ ဥပမာ လေးကြိမ်မြောက် ဟိုင်ဂင်ဆွေးနွေးပွဲမှာ နယ်စပ်ကုန်သွယ်ရေးပြန်ဖွင့်ပြီး အကျိုးအမြတ်ကို စစ်ကောင်စီက ၃၀ ရာခိုင်နှုန်း၊ မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA) အပါအဝင် ညီနောင်မဟာမိတ်သုံးဖွဲ့ (3BHA) က ၇၀ ရာခိုင်နှုန်း ခွဲဝေယူကြဖို့ တရုတ်နိုင်ငံဘက်က ဖိအားပေးလက်ခံခိုင်းတာမျိုး ရှိပါတယ်။ အဲဒီလို တရုတ်အစီအစဉ်နဲ့ အကျိုးအမြတ်ခွဲတဲ့အပေါ် နှစ်ဖက်စလုံးက တရားဝင်ထုတ်ပြောတာမျိုးမရှိပေမဲ့ နောက်ပိုင်းမှာ ညီနောင်မဟာမိတ်ဘက်က ‘စစ်ဆင်ရေး ၁၀၂၇’ ဒုတိယအကျော့ ဆက်လက်ဆင်နွှဲပြီး လားရှိုးနဲ့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်(ရမခ)အပြင် မိုးကုတ်နဲ့ မန္တလေးနားက မြို့တွေအထိ သိမ်းပိုက်တာတွေ ဖြစ်ခဲ့ပါတယ်။

ဒါကြောင့်လည်း တရုတ်နိုင်ငံက ညီနောင်မဟာမိတ်သုံးဖွဲ့ကို ပြင်းပြင်းထန်ထန်ဖိအားပေးခဲ့ပြီး အကျိုးဆက်အားဖြင့် ‘ဝ’ပြည်သွေးစည်းညီညွတ်ရေးပါတီ/တပ်မတော် (UWSP/UWSA) ဦးဆောင်ထားတဲ့ ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးရေးညှိနှိုင်းမှုကော်မတီ (FPNCC) အတွင်းမှာတောင် ပဋိပက္ခ အရှိန်လျှော့ချအပစ်ရပ်ရေး၊ တရုတ်နိုင်ငံရဲ့အခန်းကဏ္ဍနဲ့ပတ်သက်လို့ ဝိဝါဒကွဲတာတွေ ဖြစ်ခဲ့ပုံရပါတယ်။ ဒါကလည်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှာ ISP-Myanmar က ထုတ်ဝေခဲ့တဲ့ ကနဦးသုံးသပ်ချက် အမှတ်-၁၉ မှာ ဖော်ပြခဲ့သလို ‘စစ်ဆင်ရေး ၁၀၂၇’နောက်ပိုင်းမှာ ‘FPNCC အတွင်း အာဏာချိန်ခွင်လျှာ အပြောင်းအလဲ ရှိလာနိုင်ပါတယ်’လို့ ချင့်တွက်ချက်အတိုင်းပဲ ဖြစ်ထွန်းမှုတခုအဖြစ် နားလည်ရမှာပါ။ လက်ရှိမှာတော့ တိုက်ပွဲတွေ သိသိသာသာလျော့ကျလာပြီး (တရုတ်နိုင်ငံရဲ့ ဆိတ်ဆိတ်နေတဲ့ လက်ခံခွင့်ပြုမှုနဲ့) စစ်ကောင်စီဟာ ညီနောင်မဟာမိတ်သုံးဖွဲ့ကို ‘လက်စားချေ ဗုံးမိုးရွာ’နေတာ တွေ့နေရပါတယ်။ ကာလတခုရောက်ရင်တော့ အပစ်ရပ်ရေးဟာ ပုံစံတမျိုးမျိုးနဲ့ ဖြစ်ပေါ်လာဖွယ်ရှိပါတယ်။

တရုတ်နိုင်ငံနဲ့ အဓိကကုန်သွယ်နေတဲ့ ရှမ်းမြောက်ကုန်သွယ်ရေးလမ်း ရပ်တန့်နေလို့ အဲဒီအစား ရှမ်းအရှေ့ကုန်သွယ်ရေးလမ်းသစ်ဖော်ဖို့ စစ်ကောင်စီက ကြိုးပမ်းနေချိန်မှာပဲ မြန်မာ-ထိုင်းနယ်စပ်မှာလည်း ကုန်သွယ်စီးပွားပြန်စနိုင်ဖို့ (အထူးသဖြင့် အာရှလမ်းမကြီး ပြန်ဖွင့်နိုင်ရေး)ကို ထိုင်းနိုင်ငံက အဓိကထား အာရုံစိုက်လာပါတယ်။ ဒါဟာ စစ်ကောင်စီနဲ့ တော်လှန်ရေးအင်အားစုတွေကို ထိုင်းနိုင်ငံဘက်ကတောင်းဆိုတဲ့ စိတ်ကောင်းစေတနာပြသရေး အရေးအကြီးဆုံး တင်ကူးလိုအပ်ချက်လည်း ဖြစ်နေပါတယ်။ တကယ်တော့ စီးပွားမက်လုံးအပေါ်မူတည်ပြီး ပဋိပက္ခအရှိန်လျှော့ချ အပစ်ရပ်ရေးဟာ ရေတိုမှာတော့ စစ်ကြောင့် ▶

- ကြို့ရတဲ့ဘေးကို လျှော့ပါးစေမယ်၊ နယ်စပ်ဒေသမှာ ကုန်စည်ဖောက်ကားနိုင်လို့ လူထုတွေ အသက်ရှူနည်းနည်းချောင်မယ်၊ စစ်ကောင်စီအောက်ခြေတပ်တွေကစလို့ အမျိုးမျိုးသော လက်နက်ကိုင်တွေအနေနဲ့လည်း တရားဝင်၊ စည်းဘောင်ဝင် နယ်စပ်ကုန်သွယ်ရေးကနေ အမြတ်အစွန်း ခွဲဝေရနေနိုင်ရင် မူးယစ်ဆေး ကူးသန်းရောင်းဝယ်ရေးစတဲ့ ကျန်တရားမဝင် စီးပွားတွေဘက်စိတ်သန်တာမျိုးကို လျှော့ချရာမှာ တစုံတရာ အထောက်အကူဖြစ်နိုင်ပါတယ်။

ဒါပေမဲ့ စီးပွားမက်လုံးအပေါ်အခြေခံတဲ့ ပဋိပက္ခအရှိန်လျှော့ချရေး၊ အကျိုးအမြတ်ဝေစု ခွဲဝေရေးဟာ ဇဟိုချုပ်ကိုင်မှုလျှော့ချရေးမှု (ဝါ) ဖက်ဒရယ်မှု (ဝါ) ယုတ်စွအဆုံး ကွန်ဖက်ဒရေးရှင်းမှု စသဖြင့် လွှမ်းခြုံမှုရှိတဲ့၊ မူပေါ်အခြေခံတဲ့ စီးပွားရေး၊ အရင်းအမြစ်သယံဇာတ၊ အာဏာခွဲဝေရေးနဲ့ အဲဒီလိုခွဲဝေဖို့လိုအပ်တဲ့ အင်စတီကျူးရှင်စနစ်တွေ တည်ဆောက်ရေး မဟုတ်ဘူးဆိုတာ သတိချပ်ရပါမယ်။ ဒါဟာ အိမ်နီးချင်းနိုင်ငံတွေရဲ့ အစီအမံအရ သေနတ်ရှိတဲ့သူ ဝေစုခွဲဝေယူရေး ဖြေရှင်းနည်းပဲဖြစ်ပါတယ်။ အဝေမတည့်တဲ့အခါ၊ စီးပွားရေးကပ်ဆိုက်တဲ့အခါ၊ ဥတုဘေးနဲ့ ရောဂါဘေးကပ်တွေဆိုက်လို့ ကုန်သွယ်ဖောက်ကား ပြတ်တောက်မှုတွေ ဖြစ်လာတဲ့အခါ ဝေစုခွဲတဲ့စနစ် ပျက်သွားနိုင်ပါတယ်။ တရားမဝင်စီးပွားရေးတွေ ပြန်အားကောင်းလာနိုင်ပါတယ်။ ဒီလိုပြတ်တောက်မှု ချက်ချင်းမရှိသေးရင်တောင် အိမ်နီးချင်းနိုင်ငံတွေနဲ့ သူတို့ကတဆင့် နိုင်ငံတကာကို ဆက်လက်ထိုးဖောက်တင်ပို့မယ့် ဈေးကွက်လိုအပ်ချက်ကြောင့် မြန်မာပြည်တွင်း သဘာဝသယံဇာတထုတ်လုပ်မှု ပိုဆိုးရွားလာတာ၊ တာဝန်ခံတာဝန်ယူမှုမဲ့လို့ ဒေသခံပြည်သူတွေနစ်နာရတာလည်း ဖြစ်လေ့ရှိပါတယ်။

## ဖြစ်တန်ခြေအကဲဖြတ်ချက်

အာရှလမ်းမကြီး ပြန်လည်ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းမှုတွေအောင်မြင်တာ၊ ဒါမှမဟုတ် ယာယီပြန်ဖွင့်ပြီးမှ ပြန်ပိတ်သွားတာမျိုးလည်း ဖြစ်နိုင်သလို၊ ညှိနှိုင်းမှုတွေ မအောင်မြင်ဘဲ ပျက်ပြယ်တာလည်း ဖြစ်နိုင်ပါတယ်။ အာရှလမ်းမကြီးကိုအပြည့်အဝထိန်းချုပ်ထားနိုင်တဲ့ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) အနေနဲ့ကတော့ လမ်းကို ဖြတ်သန်းအသုံးပြုတဲ့ ကုန်ကားတွေကရရှိမယ့် အခွန်ဝင်ငွေရဲ့ ၇၀ ရာခိုင်နှုန်း ရနိုင်ဖို့ တောင်းဆိုနေပြီး စစ်ကောင်စီက ၅၀ ရာခိုင်နှုန်းစီ ခွဲဝေယူဖို့ကိုသာ တင်းခံနေတယ်လို့ ညှိနှိုင်းမှုမှာပါဝင်သူတချို့ရဲ့ ပြောဆိုမှုအရ သိရပါတယ်။ ဒါကြောင့်လည်း စက်တင်ဘာအစောပိုင်းမှာ စတင်ခဲ့တဲ့ ညှိနှိုင်းမှုတွေဟာ အခုချိန်အထိ အဆင်မပြေ ဖြစ်နေပုံရပါတယ်။ ထိုင်းနိုင်ငံကတော့ ဒါကို အဆင်ပြေအောင် ပုံစံမျိုးစုံနဲ့ တွန်းအားပေးဖွယ်ရှိပါတယ်။

အရေးကြီးဆုံးကတော့ ဒီလို စီးပွားမက်လုံးကတဆင့် ပဋိပက္ခအရှိန်လျှော့ချရေး အားထုတ်တာဟာ ရေတိုမှာ အကျိုးတစုံတရာရှိနိုင်ပေမဲ့ ဒီအဆင့်ကနေ နိုင်ငံရေးအရ ညှိနှိုင်းအဖြေရှာမှုကို မတက်လှမ်းနိုင်ဘူး၊ ဝေစုခွဲယူတဲ့စနစ်ကနေ လိုအပ်ပြီး စနစ်ကျတဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေကတဆင့် စီးပွားရေးအရ အာဏာခွဲဝေခြင်း (economic power-sharing) ဆိုတဲ့ ဖက်ဒရယ်အခြေခံဘက်ကို ဦးမတည်နိုင်ဘူးဆိုရင်တော့ မြန်မာပြည်သူတွေနဲ့ တိုင်းပြည်သာ နစ်နာမှာ အသေအချာပဲဖြစ်ပါတယ်။ ၁၉၈၈-၈၉ ခုနှစ်ကစလို့ စစ်အစိုးရအဆက်ဆက်နဲ့ အပစ်အခတ်ရပ်စဲရေးလုပ်ခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေရဲ့ ဝေစုခွဲယူစနစ် သက်ဆိုးရှည်ခဲ့လို့ တိုင်းပြည်မှာ အပစ်အခတ်ရပ်စဲရေး ခရိုနီအရင်းရှင်စနစ် (ceasefire capitalism) ကြီးစိုးပြီး တိုင်းရင်းသားပြည်သူတွေသာ အနစ်နာကြီးနာခဲ့တဲ့ သမိုင်းသင်ခန်းစာကို မေ့ထားလို့ မရသေးပါဘူး။ အာဆီယံ၊ ကမ္ဘာ့ကုလသမဂ္ဂနဲ့ နိုင်ငံတကာအနေနဲ့လည်း မြန်မာ့အကျပ်အတည်းဖြေရှင်းရေးမှာ ပဋိပက္ခရဲ့ နိုင်ငံရေးဘောဂဗေဒကို နားမလည်ရင်၊ ထည့်သွင်းစဉ်းစားမှုမရှိရင် ရေလိုက်လွဲနေဦးမှာပဲလို့ သုံးသပ်နိုင်ပါတယ်။ ■

## နယ်စပ်ကုန်သွယ်ရေးစခန်းများ၏ နေ့စဉ် ပျမ်းမျှကုန်သွယ်မှုအခြေအနေ

နယ်စပ်ကုန်သွယ်ရေးစခန်း တခုချင်းစီ၏ နေ့စဉ်ပျမ်းမျှကုန်သွယ်မှုတန်ဖိုးများ ဖြစ်သည်။ အဆိုပါတန်ဖိုးများမှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ် ဇွန်လအထိရှိခဲ့သော နယ်စပ်ကုန်သွယ်မှုတန်ဖိုး စုစုပေါင်းအပေါ် မူတည်၍ အကြမ်းဖျင်းတွက်ချက်ထားခြင်း ဖြစ်ပါသည်။

### မြန်မာ-တရုတ်နယ်စပ်ရှိစခန်းများ

**၁ ကန်ပိုက်တီစခန်း**
စစ်ကောင်စီ ထိန်းချုပ်ထားပြီး လည်ပတ်နေ။
နေ့စဉ် ပျမ်းမျှကုန်သွယ်မှုတန်ဖိုး - ၀.၄၉ သန်း

**၂ လွယ်ဂျယ်စခန်း**
KIA ထိန်းချုပ်ထားပြီး လည်ပတ်နေ။
နေ့စဉ် ပျမ်းမျှကုန်သွယ်မှုတန်ဖိုး - ၀.၃၆ သန်း

**၃ မူဆယ်စခန်း**
3BHA ထိန်းချုပ်ထားပြီး လည်ပတ်နေ။
နေ့စဉ် ပျမ်းမျှကုန်သွယ်မှုတန်ဖိုး - ၆.၂၀ သန်း

မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်ရှိ ကြူကုတ်(ပန်ဆိုင်း)နှင့် ကျင်စန်းကျော့ ကုန်သွယ်ရေးစခန်းများနှင့် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ကို 3BHA က ထိန်းချုပ်ထားသည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှစ၍ ကုန်သွယ်မှု ရပ်သွားသော်လည်း စစ်ကောင်စီထိန်းချုပ်ထားသော မန်ဝိန်းဂိတ်တွင် တနိုင်တပိုင်ကုန်စည်ကူးသန်းမှုများရှိနေ။

**၄ ချင်းရွှေဟော်စခန်း**
MNDAA ထိန်းချုပ်ထားပြီး ရပ်တန့်နေ။
နေ့စဉ် ပျမ်းမျှကုန်သွယ်မှုတန်ဖိုး - ၁.၀၉ သန်း

**၅ ကျိုင်းတုံစခန်း**
စစ်ကောင်စီ ထိန်းချုပ်ထားပြီး လည်ပတ်နေ။
နေ့စဉ် ပျမ်းမျှကုန်သွယ်မှုတန်ဖိုး - ၀.၂၇ သန်း

### မြန်မာ-လာအိုနယ်စပ်ရှိစခန်း

**၆ ကျိုင်းလပ်စခန်း**
စစ်ကောင်စီ ထိန်းချုပ်ထားပြီး ရပ်တန့်နေ။
နေ့စဉ် ပျမ်းမျှကုန်သွယ်မှုတန်ဖိုး - မရှိပါ။

### မြန်မာ-ထိုင်းနယ်စပ်ရှိစခန်းများ

**၇ တာချီလိတ်စခန်း**
စစ်ကောင်စီ ထိန်းချုပ်ထားပြီး လည်ပတ်နေ။
နေ့စဉ် ပျမ်းမျှကုန်သွယ်မှုတန်ဖိုး - ၀.၄၉ သန်း

**၈ မယ်စဲ့စခန်း**
KNDF ထိန်းချုပ်ထားပြီး ရပ်တန့်နေ။
နေ့စဉ် ပျမ်းမျှကုန်သွယ်မှုတန်ဖိုး - မရှိပါ။

**၉ မြဝတီစခန်း**
စစ်ကောင်စီနှင့် BGF ထိန်းချုပ်ထားပြီး လည်ပတ်နေ။
နေ့စဉ် ပျမ်းမျှကုန်သွယ်မှုတန်ဖိုး - ၅.၂၁ သန်း

**၁၀ နဘုလယ်/ထီးခီးစခန်း**
စစ်ကောင်စီ ထိန်းချုပ်ထားပြီး လည်ပတ်နေ။
နေ့စဉ် ပျမ်းမျှကုန်သွယ်မှုတန်ဖိုး - ၆.၆၉ သန်း

**၁၁ မြိတ်စခန်း**
စစ်ကောင်စီ ထိန်းချုပ်ထားပြီး လည်ပတ်နေ။
နေ့စဉ် ပျမ်းမျှကုန်သွယ်မှုတန်ဖိုး - ၀.၄၀ သန်း

**၁၂ မော်တောင်စခန်း**
စစ်ကောင်စီ ထိန်းချုပ်ထားပြီး လည်ပတ်နေ။
နေ့စဉ် ပျမ်းမျှကုန်သွယ်မှုတန်ဖိုး - ၀.၀၆ သန်း

**၁၃ ကော့သောင်းစခန်း**
စစ်ကောင်စီ ထိန်းချုပ်ထားပြီး လည်ပတ်နေ။
နေ့စဉ် ပျမ်းမျှကုန်သွယ်မှုတန်ဖိုး - ၀.၇၀ သန်း

### မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစခန်းများ

**၁၄ စစ်တွေစခန်း**
စစ်ကောင်စီ ထိန်းချုပ်ထားပြီး ရပ်တန့်နေ။
နေ့စဉ် ပျမ်းမျှကုန်သွယ်မှုတန်ဖိုး - ၀.၃၂ သန်း

**၁၅ မောင်တောစခန်း**
AA ထိန်းချုပ်ထားပြီး ရပ်တန့်နေ။
နေ့စဉ် ပျမ်းမျှကုန်သွယ်မှုတန်ဖိုး - ၀.၀၃ သန်း

### မြန်မာ-အိန္ဒိယနယ်စပ်ရှိစခန်းများ

**၁၆ ရိဒ်စခန်း**
CNA ထိန်းချုပ်ထားပြီး ရပ်တန့်နေ။
နေ့စဉ် ပျမ်းမျှကုန်သွယ်မှုတန်ဖိုး - ၀.၀၆ သန်း


**၁၇ တမူးစခန်း**
စစ်ကောင်စီ ထိန်းချုပ်ထားပြီး လည်ပတ်နေ။
နေ့စဉ် ပျမ်းမျှကုန်သွယ်မှုတန်ဖိုး - ၀.၀၃ သန်း

- (အနီ) တော်လှန်ရေးအင်အားစုများ ထိန်းချုပ်ထားသော နယ်စပ်ကုန်သွယ်ရေးစခန်းများ
- (အစိမ်း) စစ်ကောင်စီ ထိန်းချုပ်ထားသော နယ်စပ်ကုန်သွယ်ရေးစခန်းများ
- (အပြာ) စစ်ကောင်စီထိန်းချုပ်ထားသော်လည်း ရပ်ဆိုင်းနေသည့် နယ်စပ်ကုန်သွယ်ရေးစခန်းများ

မှတ်ချက် - စစ်ကောင်စီထုတ်ပြန်ချက်များကို အခြေခံ၍ တန်ဖိုးများကို အမေရိကန်ဒေါ်လာဖြင့် တွက်ချက်ဖော်ပြထားခြင်းဖြစ်ပါသည်။

## ထိုင်းနိုင်ငံနှင့် အများဆုံး နယ်စပ်ကုန်သွယ်ခဲ့

အာဏာသိမ်းမှုအလွန် သုံးနှစ်ကျော်ကာလအတွင်း တရားဝင်နယ်စပ်ကုန်သွယ်ရေးစခန်း ၁၇ ခု၏ နေ့စဉ်ပျမ်းမျှကုန်သွယ်မှုတန်ဖိုး စုစုပေါင်းမှာ တရက်လျှင် အမေရိကန်ဒေါ်လာ ၂၂ သန်းကျော်ရှိသည်။ ထိုအထဲတွင် မြန်မာ-ထိုင်းနယ်စပ်ရှိ နဘုလယ်/ထီးခီးစခန်း၏ ကုန်သွယ်မှုမှာ အများဆုံးဖြစ်ပြီး နေ့စဉ်ပျမ်းမျှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၆၉ သန်းရှိသည်။ အဆိုပါတန်ဖိုးများမှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ် ဇွန်လအထိရှိခဲ့သော နယ်စပ်ကုန်သွယ်မှုတန်ဖိုး စုစုပေါင်းအပေါ်မူတည်၍ အကြမ်းဖျင်း တွက်ချက်ထားခြင်းဖြစ်ပါသည်။




မှတ်ချက် - နယ်စပ်စခန်းများ၏ ကုန်သွယ်မှုကို တွက်ချက်ရာတွင် သဘာဝဓာတ်ငွေ့တင်ပို့မှုကို ထည့်သွင်းလေ့မရှိသော်လည်း နဘုလယ်/ထီးခီးစခန်း၏ ကုန်သွယ်မှုပမာဏကို ထုတ်ပြန်ရာတွင် သဘာဝဓာတ်ငွေ့တင်ပို့မှုကို ၂၀၁၈ ခုနှစ်မှစ၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထည့်သွင်းတွက်ချက်ခဲ့ပါသည်။

ရင်းမြစ် - စစ်ကောင်စီ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## နယ်စပ်ကုန်သွယ်မှု သုံးပုံတပုံကျော်ကို တော်လှန်ရေးအင်အားစုများ ထိန်းချုပ်ထား


၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ် ဇွန်လအထိ နယ်စပ်ကုန်သွယ်မှုတန်ဖိုးစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၂၇ ဘီလီယံကျော်ရှိခဲ့သည်။ ထိုပမာဏအနက် ၃၅ ရာခိုင်နှုန်း (အမေရိကန်ဒေါ်လာ ၉ ဒသမ ၅၃ ဘီလီယံ)မှာ လက်ရှိတွင် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ(EAOs)နှင့် တော်လှန်ရေးအင်အားစုများ ထိန်းချုပ်ထားသော နယ်စပ်ကုန်သွယ်ရေးစခန်း ခြောက်ခုမှ ရရှိခဲ့ခြင်းဖြစ်သည်။ သို့သော် အဆိုပါ နယ်စပ်ကုန်သွယ်ရေးစခန်း ခြောက်ခု၌ တရားဝင်ကုန်သွယ်မှုရပ်တန့်နေသဖြင့် အမေရိကန်ဒေါ်လာ ဘီလီယံချီဆုံးရှုံးခြင်းများ ဆက်ရှိနေသည်။




မှတ်ချက် - စစ်ကောင်စီထုတ်ပြန်ချက်များကို အခြေခံ၍ တန်ဖိုးများကို အမေရိကန်ဒေါ်လာဖြင့် တွက်ချက်ဖော်ပြထားခြင်းဖြစ်ပါသည်။

## ပြည်ပကုန်သွယ်မှု ကိုးရာခိုင်နှုန်းကို စစ်ကောင်စီ ဆုံးရှုံး

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ် ဇွန်လအထိ မြန်မာ့ပြည်ပကုန်သွယ်မှုတန်ဖိုး စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၁၀၅ ဘီလီယံကျော်ရှိပါသည်။ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၇၈ ဘီလီယံကျော်ရှိပြီး စုစုပေါင်းကုန်သွယ်မှု၏ ၇၄ ဒသမ ၃ ရာခိုင်နှုန်းကျော်ရှိသည်။ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ (EAOs)နှင့် တော်လှန်ရေးအင်အားစုများ ထိန်းချုပ်လိုက်သော ကုန်သွယ်ရေးစခန်း ခြောက်ခု၏ ကုန်သွယ်မှုမှာ သုံးနှစ်ကျော်ကာလအတွင်း အမေရိကန်ဒေါ်လာ ၉ ဒသမ ၅၃ ဘီလီယံရှိသဖြင့် ပြည်ပကုန်သွယ်မှု၏ ကိုးရာခိုင်နှုန်းရှိသည်။




မှတ်ချက် - စစ်ကောင်စီထုတ်ပြန်ချက်များကို အခြေခံ၍ တန်ဖိုးများကို အမေရိကန်ဒေါ်လာဖြင့် တွက်ချက်ဖော်ပြထားခြင်းဖြစ်ပါသည်။

ISP-Myanmar က ထုတ်ဝေထားတဲ့
သုတေသနအခြေခံ ဒေတာအချက်အလက်တွေနဲ့
စာအုပ်စာတမ်းတွေကို ISP ကပြင်ရပ်ဝန်းမှာ အခမဲ့ ရယူနိုင်ပါတယ်။

ISP Series

ISP Telegram

ISP YouTube

ISP LinkedIn

+66 80 747 9712

PO Box 149, Chiang Mai University PO, Chiang Mai, 50202.